EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၄၆

ဇန်နဝါရီ ၉ ရက်၊ ၂၀၁၈




မဲရေတွက်နေသည်ကို ကြည့်ရှုနေသော ဝန်ကြီး ဦးမင်းအောင်(ပင်နီတိုက်ပုံဝတ်ထားသူ)ကို တွေ့ရစဉ်။ (ဓာတ်ပုံ-Rakhine Gazette)

## ရခိုင်စည်ပင်ဝန်ကြီးကို စွပ်စွဲပြစ်တင်ရန် မဲခွဲရာတွင် လွှတ်တော်ဥက္ကဋ္ဌမဲပေးမှု ဝေဖန်ခံနေရ

**ဇန်နဝါရီ ၈ ရက်၊ ၂၀၁၈**

ဇန်နဝါရီ ၂ ရက်က ကျင်းပသည့် ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးတွင် ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင် စွပ်စွဲပြစ်တင်ခံရမှုကို လွှတ်တော်၌ မဲခွဲဆုံးဖြတ်ရာ လွှတ်တော်ဥက္ကဋ္ဌက ဆန္ဒမဲပေးခဲ့ခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်ကိုက်ညီမှုမရှိဆိုသည့် ဝေဖန်မှုများ လူမှုကွန်ရက်တွင် ပျံ့နှံ့လာခဲ့သည်။

ယင်းသို့လွှတ်တော်ဥက္ကဋ္ဌက ဆန္ဒမဲပေးခြင်းသည် ဥက္ကဋ္ဌအနေဖြင့် မဲပေးခြင်းမဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် မဲပေးခြင်းဖြစ်ကြောင်း ပြည်နယ်လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးဦးမြသန်းက ပြောသည်။

မဲခွဲဆုံးဖြတ်ရာ၌ ဥက္ကဋ္ဌ(သို့မဟုတ်) ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက် တူနေသည့်ကိစ္စမှသာ အနိုင်မဲပေးရမည်ဟု ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည်။

အဆိုပါ စွပ်စွဲပြစ်တင်ခံရသည့် မဲခွဲမှုတွင် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦး တက်ရောက်ခဲ့ပြီး ထောက်ခံမဲပေးသူ ၃၇ ဦးနှင့် ကန့်ကွက်မဲပေးသူ ရှစ်ဦးရှိသည်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌ မဲမပေးခဲ့လျှင်ပင် မဲပေးခွင့်ရှိသူ သုံးပုံနှစ်ပုံကျော်လွန်သည့်အတွက် စွပ်စွဲပြစ်တင်ခံရသူကို တာဝန်မှ ရပ်စဲရန် လွှတ်တော်က အတည်ပြုနိုင်သည်။

**(ကိုးကား- www.7daydaily.com)**

## ပြည်နယ်နှင့်တိုင်း သုံးခုရှိ ဝန်ကြီးနေရာများ အပြောင်းအလဲဖြစ်ပေါ်

**ဇန်နဝါရီ ၇ ရက်၊ ၂၀၁၈**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးနှစ်ဦးကို ရာထူးမှအနားပေးပြီး ၎င်းတို့နေရာတွင် အစားထိုး ခန့်အပ်ရန်ရှိကြောင်း မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးတာက အတည်ပြုပြောကြားထားသည်။

မကွေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်လူမှုရေးဝန်ကြီး ဦးနေမျိုးကျော်က အစိုးရအဖွဲ့၊ လွှတ်တော်နှင့်ပါတီမှ နုတ်ထွက်ခွင့်တင်ပြခဲ့သည်။ ထို့ပြင် မကွေးတိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်သည် ကျန်းမာရေးကြောင့် အနားယူမည်ဟု သတင်းထွက်ပေါ်နေသည်။

ဒီချုပ်အစိုးရ ၂ နှစ်သက်တမ်းသို့ ရောက်လာချိန်တွင် ရက်ပိုင်းအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ အပြောင်းအရွှေ့ ဖြစ်ပေါ်ခဲ့သည်။

ရခိုင်ပြည်နယ်စည်ပင်ဝန်ကြီးအား ပြည်နယ်လွှတ်တော်က စွပ်စွဲပြစ်တင်၍ တာဝန်မှ ရပ်စဲရန် အတည်ပြုထားသည်။ ဧရာဝတီတိုင်း စိုက်ပျိုးမွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းသည် ဇန်နဝါရီ ၂ ရက်က နုတ်ထွက်စာတင်ခဲ့သည်။

မကွေးတိုင်းအစိုးရအဖွဲ့အတွင်း ဝန်ကြီးအသစ်များထပ်မံခန့်ထားရန်ရှိပြီး ယင်းအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မကွေးတိုင်းအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်သည် ဝန်ကြီးတစ်နေရာ ရရှိနိုင်သည်ဟု ခန့်မှန်းသတင်းများ ထွက်ပေါ်နေသည်။ **(ကိုးကား-www.7daydaily.com)**

# Eco Green City အိမ်ရာစီမံကိန်းကိစ္စ လွှတ်တော်တွင်မေးမည်

**ဇန်နဝါရီ ၅ ရက်၊ ၂၀၁၈**

လှည်းကူးမြို့နယ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်း ၃ မိုင် ၁ ဖာလုံအနီး မြေဧက ၁,၄၅၃ ပေ တွင်တည်ဆောက်မည့် Eco Green City အိမ်ရာစီမံကိန်းကို ဥပဒေ နှင့်ညီညွတ်မှု ရှိ၊ မရှိ စိစစ်နိုင်ရန် တိုင်းလွှတ်တော်ဥပဒေရေးရာနှင့် လေ့လာသုံးသပ်ရေးအဖွဲ့သို့ တင်ပြထားသည်။ လွှတ်တော်၌လည်း မေးခွန်းမေးမည်ဟု ရန်ကုန်တိုင်းလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီးပွားရေးကော်မတီထံမှ သိရသည်။

ယင်းစီမံကိန်းကို တိုင်းလွှတ်တော်က စီမံကိန်းနှင့်ဘတ်ဂျက်များ အတည်ပြုရာတွင် နောက်ဆက်တွဲအဖြစ် လွှတ်တော်သို့ တင်ပြခဲ့သည်။ သို့သော် စီမံကိန်းအသေးစိတ်အချက်အလက်များကို လွှတ်တော်၌ ရှင်းလင်းတင်ပြခြင်းမရှိသဖြင့် ကော်မတီ အစည်းအဝေးပြုလုပ်ကာ ထိုသို့ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။ စီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Alliance Star Group of Companies တို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ အိမ်ရာစီမံကိန်းပန္နက်တင်မင်္ဂလာနှင့် စီမံကိန်းဆိုင်ရာရှင်းလင်းပွဲကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်တွင် စီမံကိန်းဝင်းအတွင်း ပြုလုပ်ခဲ့ပြီး ဆောက်လုပ်ရေးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဝန်ကြီးချုပ်တို့ တက်ရောက်ခဲ့သည်။

**(ကိုးကား- www.7daydaily.com/ www.mizzimaburmese.com)**



Eco Green City အိမ်ရာစီမံကိန်းပြ ပုံစံငယ်။ (ဓာတ်ပုံ-Phyo Min Thein Facebook Page)

# ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲ ထပ်မံကျင်းပမည်

**ဇန်နဝါရီ ၁ ရက်၊ ၂၀၁၈**

လက်ရှိအစိုးရသက်တမ်းအတွင်း ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ထပ်မံကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးလှတင့် က ပြောသည်။ လက်ရှိတွင် လစ်လပ်မဲဆန္ဒနယ် ၇ ခု ရှိနေပြီး ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပနိုင်ရန် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်က ပြင်ဆင်ဆောင်ရွက်နေသည်ဟု သိရသည်။

လစ်လပ်မဲဆန္ဒနယ် ၇ ခုမှာ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်နှင့် ရှမ်းပြည်နယ် လဲချားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂ နေရာ၊ ချင်းပြည်နယ် မတူပီမဲဆန္ဒနယ်(၁)၊ ရခိုင်ပြည်နယ် ရသေ့တောင်မဲဆန္ဒနယ် (၂)၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမဲဆန္ဒနယ်(၂)၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမဲဆန္ဒနယ်(၁)နှင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမဲဆန္ဒနယ် (၁) တို့မှ ပြည်နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၅ နေရာတို့ ဖြစ်သည်။

**(ကိုးကား- www.rfa.org/burmese/ www.7daydaily.com)**


# စက်စဲကမ်းခြေကို ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင် ထားရှိမည်

**ဒီဇင်ဘာ ၃၁ ရက်၊ ၂၀၁၇**

သံဖြူဇရပ်မြို့နယ်ရှိ စက်စဲကမ်းခြေကို ပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင် မကြာမီထားရှိမည်ဟု မွန်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက ပြောသည်။

စက်စဲကမ်းခြေနှင့်ပတ်သက်သည့် အစီရင်ခံစာကို မွန်ပြည်နယ်လွှတ် တော်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် စောင့်ကြည့်ရေးကော်မတီက ဒီဇင်ဘာ ၉ ရက်က ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ထုတ်ပြန်ခဲ့သည်။ ယင်းကမ်းခြေတွင် စီးပွားဖြစ်လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များကြောင့် ပြည်နယ်အစိုးရအဖွဲ့ ဝင်ငွေရရှိမှုနည်းပါးနေသဖြင့် ပြည်နယ်အစိုးရလက်အောက်တွင် တိုက်ရိုက်ကိုင်တွယ်စီမံခန့်ခွဲရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ငါးဦးက လွှတ်တော်တွင် အကြံပြုခဲ့သည်။ ယင်းနောက် ဒီဇင်ဘာ ၂၈ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့က စက်စဲကမ်းခြေသို့ သွားရောက်စစ်ဆေးကာ ထိုသို့ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

**(ကိုးကား-http://www.7daydaily.com)**




# ဧရာဝတီတိုင်းအစိုးရ၏ မူလခန့်မှန်းခြေငွေစာရင်း လွှတ်တော်အတည်ပြု

**ဒီဇင်ဘာ ၂၅ ရက်၊ ၂၀၁၇**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ မူလခန့်မှန်းခြေငွေစာရင်း တင်ပြလာမှုအပေါ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုခဲ့ကြောင်း သိရသည်။

အမှန်တကယ် ဦးစားပေးဆောင်ရွက်သင့်သည့် လုပ်ငန်းကဏ္ဍများအားအခြေခံပြီး ရေးဆွဲတင်ပြထားသော ရသုံးခန့်မှန်းခြေငွေစာရင်းဖြစ်ပါသဖြင့် အတည်ပြုပေးပါရန် ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေး၊ စီးပွားရေးနှင့်ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီမှ လေ့လာတွေ့ရှိ သုံးသပ်အကြံပြုချက်များ အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ခြင်း ဖြစ်သည်။

"ယခုတောင်းခံထားသော လုပ်ငန်းများကို ၆ လ အတွင်း အပြီးအပြတ်ဆောင်ရွက်နိုင်ရန်နှင့် တင်ဒါပိုလျှံငွေများကို အချိန်မီပြန်လည်အပ်နှံရန် အကြံပြုလိုပါသည်"ဟု ပြည်သူ့ငွေစာရင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရာကော်မတီက တိုင်းဒေသကြီးလွှတ်တော်သို့ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တင်သွင်းခဲ့သည်။

(ကိုးကား:-www.mizzimaburmese.com)

# တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကို ပြင်ဦးလွင်ဒေသခံများ ဆန္ဒပြ

**ဒီဇင်ဘာ ၂၉ ရက်၊ ၂၀၁၇**

သိမ်းဆည်းခံလယ်ယာမြေအရေး ဖြေရှင်းဆောင်ရွက်မှု အားနည်းသည်ဆိုကာ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း(ပြင်ဦးလွင်မဲဆန္ဒနယ်အမှတ်-၁)ကို ဒေသခံတောင်သူများနှင့် တောင်သူအရေးတက်ကြွလှုပ်ရှားသူများက ဒီဇင်ဘာ ၂၈ ရက်၌ စုဝေးဆန္ဒထုတ်ဖော်ခဲ့သည်။

ပြင်ဦးလွင်မြို့နယ်တွင် ၁၉၉၇ မှစတင်ကာ သိမ်းဆည်းခံရသော မြေဧကလေးသောင်းကျော်ရှိပြီး အဆိုပါသိမ်းဆည်းခံမြေယာများ ပြန်လည်ရရှိရေး တောင်းဆိုမှုကြောင့် ဒေသခံတောင်သူ ၁၀၀ ကျော်လက်ရှိ တရားစွဲဆိုခံထားရကြောင်း ဆန္ဒပြပွဲတွင်ပါဝင်သည့် တောင်သူလယ်သမားအရေးတက်ကြွလှုပ်ရှားသူများက ပြောသည်။

လက်ရှိအစိုးရသက်တမ်းအတွင်း ပြင်ဦးလွင်မြို့နယ်ရှိ သိမ်းဆည်းခံ လယ်ယာမြေများနှင့်ပတ်သက်၍ လယ်ယာမြေ ပြန်လည်စိစစ်ရေးကော်မတီသို့ တိုင်ကြားသည့် အမှု ၆၀၀ ကျော်ရှိပြီး အဆိုပါ အမှုများထဲမှ အမှု ၁၀၀ ကျော်ကို တိုင်းအဆင့်သို့ တင်ပြကာ ဖြေရှင်းဆောင်ရွက်ထားကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းက ပြောကြားထားသည်။ (ကိုးကား:-www.7daydaily.com)

# ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေမူကြမ်း အလုပ်ရုံဆွေးနွေးပွဲများကျင်းပ

**ဒီဇင်ဘာ ၂၆ ရက်၊ ၂၀၁၇**

ရေချိုငါးလုပ်ငန်းဥပဒေမူကြမ်းကို ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယအကြိမ်၊ အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်ပြထားပြီး အဆိုပါမူကြမ်းကို ပြင်ဆင်၊ ဖြည့်စွက်နိုင်ရန် ပြည်သူများအားချပြကာ ဆွေးနွေးပွဲများ ကျင်းပနေကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်က ပြောသည်။

၂၀၁၃ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေသည် ပြင်ဆင်၊ ဖြည့်စွက်ရန်လိုအပ်နေသဖြင့် တရားဥပဒေစိုးမိုးရေး ဥပဒေပြုကော်မတီနှင့် စိုက်ပျိုးရေးနှင့်ရေလုပ်ငန်း မွေးမြူရေးကော်မတီတို့ ပူးပေါင်းကာ ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်ခြင်းဖြစ်သည်။

ဆွေးနွေးရာတွင် ဒေသတွင်းသယံဇာတဖြစ်သည့် အင်းအိုင်များတွင် ဒေသခံများ ပါဝင်လုပ်ကိုင်ခွင့်ရရှိနိုင်ရန် ရည်ရွယ်ချက်များ ပါဝင်သည်။ ဌာနဆိုင်ရာများအဖွဲ့၊ လုပ်ငန်းရှင်များအဖွဲ့၊ အင်းတင်ဒါလုပ်ငန်းရှင်များအဖွဲ့၊ ရေလုပ်သားအစုအဖွဲ့၊ အခြားစိတ်ပါဝင်စားသူများအဖွဲ့၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အဖွဲ့၊ လယ်သမားအစုအဖွဲ့များဟူ၍ အဖွဲ့ခုနစ်ဖွဲ့ဖွဲ့၍ ဆွေးနွေးသည်။

ဆွေးနွေးပွဲများကို ဒီဇင်ဘာလအတွင်း ပြုလုပ်ခဲ့ရာ ပဲခူးတိုင်းအနောက်ခြမ်းတွင် သာယာဝတီနှင့် မင်းလှ၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းအရှေ့ခြမ်းတွင် ပဲခူး၊ ဖြူးနှင့် ညောင်လေးပင်၊ တောင်ငူမြို့တို့၌ ကျင်းပခဲ့သည်။ (ကိုးကား:-http://www.7daydaily.com)